# Developer များအတွက် iOS 5.1 beta

Apple ဟာ iPhone ၊ iPod Touch နဲ့ iPad တို့အတွက် iOS 5.1 beta ကို ထုတ်ပေးခဲ့ပါတယ်။ အဲဒါကို developer တွေက Apple ရဲ့ developer portal ကနေ download ရယူနိုင်တယ်လို့သိရပါတယ်။ အဲဒီ new version ဟာ ၂၀၁၁ ခုနှစ် အောက်တိုဘာလလယ်တုန်းက ထုတ်ခဲ့တဲ့ iOS 5 အတွက် ပထမဆုံး update ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

iOS 5.1 မှာ third party app တွေအတွက် ပိုမိုကောင်းမွန်တဲ့ dictation support ပါဝင်မယ်လို့သိရပါတယ်။ iOS 5.1 မှာ Siri အတွက် hardware တွေကို ပိုမိုထိန်းချုပ်နိုင်စေမယ့် လုပ်ဆောင်ချက်တွေ ပါဝင်လာမယ်လို့သိရပါတယ်။ iPhone 4S user တွေကို Wi-Fi နဲ့ bluetooth radio တွေကို voice assistant ကနေပြီးတော့ adjust လုပ်နိုင်စေပါလိမ့်မယ်။




# YouTube နဲ့ Disney တို့ရဲ့ ပူးပေါင်းမှု




YouTube နဲ့ Walt Disney တို့ ပူးပေါင်းပြီး video series တစ်ခုကိုနာမည်ကျော် video site ပေါ်မှာ ထုတ်လွှင့်ဖို့စီစဉ်နေတယ်လို့ သိရပါတယ်။ Disneyကုမ္ပဏီ နဲ့ google ပိုင်တဲ့ YouTube တို့ဟာ အဲဒီ program ကို Disney.com နဲ့ YouTube တို့မှာ ကြည့်လို့ရနိုင်မယ်လို့ သိရပါတယ်။ အဲဒီ ပူးပေါင်းထုတ်လွှင့်တဲ့ video program ကို ၂၀၁၂ ခုနှစ် အစောပိုင်းလောက်မှာ မိတ်ဆက်မယ်လို့လည်း သိရပါတယ်။

အဲဒီ program မှာ Disney ရဲ့ original video ၊ Disney Interactive original series ၊ Disney Channel က program တချို့နဲ့ Disney userတွေ ဖန်တီးထားတဲ့ content တချို့ကို ပြသမှာ ဖြစ်တယ်လို့သိရပါတယ်။ ပထမဆုံး project ကို ၂၀၁၂၊ ဖေဖော်ဝါရီမှာ မိတ်ဆက်မှာဖြစ်ပြီး Disney ရဲ့ mobile gameဖြစ်တဲ့ Where's My Water? ကို အခြေပြုတဲ့ original video series တွေကို ပြသမယ်လို့ သိရပါတယ်။

## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက် ရေးသမားများအတွက် Instant WILD app




လန်ဒန်က Zoological Society က ထုတ်ထားတဲ့ အခမဲ့ Instant WILD app က user တွေကို ကင်ညာ၊ သီရိလင်္ကာနဲ့ မွန်ဂိုလီးယားတို့မှာရှိတဲ့ တိရစ္ဆာန်ရှိတဲ့တွေ့ရှိတဲ့နေရာက လှုပ်ရှားမှုဖမ်းယူတဲ့ camera တွေနဲ့ ချိတ်ဆက်ပေးပါတယ်။ ပြီးတော့ တိရစ္ဆာန်တစ်ကောင်ကောင်ရဲ့ပုံတွေကို ရရင် user ရဲ့ phone ကို လှမ်းပို့ပေးပြီး အဲဒီပုံမှာပါတဲ့အကောင်ဟာ ဘယ်လိုမျိုးစိတ်လဲဆိုတာကို user ကို သတ်မှတ်စေပါတယ်။ အရင်က ဆိုရင် အဲဒီလိုပုံမျိုးရဖို့ အချိန်အနေနဲ့ ရက်ပိုင်းလောက် ယူရတာပါ။ အခုကျတော့ တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေးသမားတွေအနေနဲ့ အထောက်အကူအများကြီး ဖြစ်တယ်လို့သိရပါတယ်။ ■

## Samsung က active shutter 3D TV ထုတ်လုပ်မှု ရပ်ဆိုင်း

ကမ္ဘာ့အကြီးဆုံး flat TV ထုတ်လုပ်သူဖြစ်တဲ့ Samsung ဟာ သူ့ရဲ့ RealD (အမေရိက supplier ရဲ့ 3D နည်းပညာ) ပါဝင်တဲ့ active shutter 3D TV ထုတ်လုပ်မှုကို ရပ်ဆိုင်းထားတယ်လို့ သိရပါတယ်။ Samsung ဟာ သူ့ရဲ့ကိုယ်ပိုင် 3D နည်းပညာကိုပြုလုပ်ဖို့ အာရုံစိုက်နေပြီး glasses-free 3D shutter အပါအဝင် မျိုးဆက်သစ် 3D နည်းပညာတွေကို ဖွံ့ဖြိုးအောင် လုပ်ဖို့ သုတေသန ဆက်လက်ပြု လုပ်သွားမှာဖြစ်တယ်လို့ သိရပါတယ်။ Active shutter ဆိုတာက နောက်မျိုးဆက် 3D နည်းပညာဖြစ်ပြီး Samsung က ဝယ်ယူထားတဲ့ shutter-glass (SG) နည်းပညာနဲ့ LG ရဲ့ film patterned retarder (FPR) နည်းပညာတို့က ကောင်းကွက်တွေကို ပေါင်းစပ်ထားတဲ့ နည်းပညာဖြစ်ပါတယ်။ ■

## Babble 'mom blog' network နဲ့ ပူးပေါင်းခဲ့တဲ့ Disney

Disney ဟာ မိဘတွေအတွက် 'mom blog' ပေါင်း ၂၀၀ ကျော်လောက်ရှိတဲ့ Babble Media ကို ဝယ်ခဲ့ပါတယ်။ ဘယ်ဈေးနဲ့ဝယ် တယ်ဆိုတာကိုတော့ မထုတ်ဖော်ခဲ့ပါဘူး။ Babble က blogger တွေဟာ ကိုယ်ဝန်ဆောင်ခြင်း၊ ကလေးသူငယ်စောင့်ရှောက်ခြင်း၊ ကျန်းမာရေး၊ အစားအစာနဲ့ မိသားစုရေးရာတွေနဲ့ပတ်သက်တဲ့ blog တွေကို နေ့စဉ်ရေးသား post လုပ်ကြတာဖြစ်ပါတယ်။ Babble ကို Disney က YouTube နဲ့ ပူးပေါင်းပြီး တစ်ပတ်အကြာမှာ ဝယ်ယူခဲ့တာဖြစ်ပါတယ်။ ■



## iOS 5 မှာ Panorama ဓာတ်ပုံရိုက်ချက်များရနိုင်ဖို့




အခု အသစ်ထွက်လာမယ့် iOS 5 မှာ မြင်ကွင်းကျယ် (Panorama feature) ကို အသုံးပြုချင်ရင် backup hack လုပ်ပြီးနောက် jailbreak လုပ်စရာမလိုဘဲ တန်းသုံးနိုင်မှာဖြစ်ပါတယ်။ Redmond Pie အဖွဲ့က ဒီအတွက် solution ရှာတွေ့ခဲ့ပြီဖြစ်ပါတယ်။ ဒီ feature ကို အသုံးမပြုခင်မှာ iTunes ကနေတစ်ဆင့် device backup လုပ်ဖို့အတွက် iBackupBot program ကို install လုပ်ထားရမှာ ဖြစ်ပါတယ်။ ပြီးရင် device backup လုပ်ရပါမယ်။ အဲဒီနောက်မှာ preference file ထဲကနေ တစ်ဆင့် EnableFirebreak value ကို false ကနေ true အဖြစ် ပြောင်းလဲပေးရမှာ ဖြစ်ပါတယ်။ ပြောင်း ပြီးသွားတာနဲ့ restore ပြန်လုပ်လိုက်ပါ။ ပြီးရင် panorama ရိုက်ချက်တွေကို စတင်နိုင်ပြီဖြစ်ပါတယ်။

ကောင်းမြတ်ထွန်း

## Mobile device များအတွက် Flash Player မထုတ်တော့ဘူးလို့ပြောတဲ့ Adobe




Mobile device တွေအတွက် flash player တွေ ထုတ်လုပ်တော့မှာ မဟုတ်ကြောင်း Adobe က အတည်ပြုပြောကြားလိုက်ပါတယ်။Adobe ကိုယ်တိုင်က flash ထက်ပိုကောင်းတဲ့ HTML 5 အတွက် ထိထိရောက်ရောက် ဝင်ရောက်ပါဝင်ဆောင်ရွက်နေတဲ့အတွက် flash နဲ့ ပတ်သက်တဲ့ ကိစ္စတွေကို လျှော့ချလိုက်တာဖြစ်ပါတယ်။ ဒါ့အပြင် adobe က ယင်းရဲ့ developer တွေအနေနဲ့ AIR platform ကို အရင်ကထက် ပိုမိုကောင်းမွန်အောင် တည်ဆောက်ဖို့ ညွှန်ကြားပြီး flash player ကို desktop operating system တွေ အတွက် ဆက်လက်အလုပ်လုပ်နေဦးမှာ ဖြစ်တယ်။

ကောင်းမြတ်ထွန်း

## Smartphone ဝါသနာအိုးများ ဝေဒနာခံစားရဖွယ်ရှိ

Smarphone နဲ့ tablet အသုံးပြုသူတွေအနေနဲ့ အဆင့်မြင့် နည်းပညာရဲ့ ဝေဒနာများကို ခံစားရဖွယ်ရှိတယ်လို့ သိရပါတယ်။ စာရိုက်ရလို့ လည်ပင်းနာတာ၊ လက်မနာတာတွေအပါအဝင် အနည်းငယ် နာမကျန်းဖြစ်မှု ဖြစ်နိုင်တယ်လို့ သိရပါတယ်။ ဗြိတိန်နိုင်ငံက ကျွမ်းကျင်သူတွေကတော့ screen သေးသေးလေးပေါ် အကြာကြီး စိုက်ကြည့်ပြီး key သေးသေးလေးတွေကို ရိုက်ရတာက အားကုန်နွမ်းနယ်စေပါတယ်။ အဆင့်မြင့်နည်းပညာ သုံး gadget တွေအသုံးများလာတာကြောင့် ဒီလိုဝေဒနာဖြစ်ပွားမှုတွေ ပိုမိုများပြားလာပါတယ်။ ဗြိတိန်နိုင်ငံက လူအများစုကတော့ smartphone တွေကို phone ခေါ်ဆိုမှုပြုလုပ်ဖို့ထက် internet ကို ပိုအသုံးပြုကြတယ်လို့ သိရပါတယ်။ လူတွေရဲ့ ဦးခေါင်းက သာမာန်အားဖြင့် ၁၀ ကနေ ၁၂ ပေါင် ဝန်းကျင်အလေးချိန်ရှိ တတ်ပါတယ်။ ခေါင်းငုံ့ပြီး screen ကိုကြည့်ရင် ဦးခေါင်းကို သယ်ထားရတာ သာမန်ထက် လေးဆလောက် ပိုလေးတယ်လို့ ခန္ဓာကိုယ်က ခံစားရပါတယ်။ ဒါကြောင့် smartphone တွေကို တစ်ကြိမ်မှာ မိနစ်လေးဆယ်ထက် ပိုကျော်ပြီး မသုံးသင့်ပါဘူး။ Text message တွေကို အမြဲတမ်းသုံးမယ့်အစား voice recognition software တွေကိုလည်း အပြောင်းအလဲအနေနဲ့ သုံးသင့်တယ်လို့ သိရပါတယ်။



# Apple က iTunes Match ကိုထုတ်ခဲ့



Apple ဟာ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလတုန်းက media player programme တစ်ခုဖြစ်တဲ့ iTunes ကို scan & match service တစ်ခု ထပ်ပေါင်းထည့်ကာ အသစ်ပြုပြင်မှုလုပ်ခဲ့ပါတယ်။ iTunes 10.5.1 မှာ ပါဝင်တဲ့လုပ် ဆောင်ချက်ဖြစ်တဲ့ iTunes Match ဟာ user တွေရဲ့ library ထဲမှာရှိတဲ့ သီချင်းတွေကို scan လုပ်ကာ iTunes Store မှာ ရှိတဲ့သီချင်းတွေနဲ့ တူ၊ မတူ တိုက်စစ်ပေးနိုင်ပါတယ်။ တကယ်လို့ တူညီတဲ့သီချင်းရှိရင် user တွေအနေနဲ့ အဲဒီသီချင်းကို upload တင်စရာမလိုဘဲကြိုက်တဲ့နေရာကနေ နားထောင်နိုင်မှာဖြစ်ပါတယ်။ အရည်အသွေးလည်း ကောင်းပါတယ်။ Apple ရဲ့ iOS ကို run ထားတဲ့ ဘယ်ပစ္စည်းပေါ်မှာမဆို ဒီ iTunes Match ကို အသုံးပြုနိုင်ပါတယ်။ တကယ်လို့ iTunes Store မှာရှိပြီးနဲ့ library နဲ့မှာ မရှိတဲ့သီချင်းတွေဆိုရင်လည်း အလိုအလျောက် upload လုပ်ပေးမှာပါ။

လပေးနှုန်း ၂၄.၉၉ ဒေါ်လာပေးထားတဲ့ user တွေအနေနဲ့ သူတို့ရဲ့သီချင်းပေါင်း ၂၅,၀၀၀ လောက်ကို Apple ရဲ့ cloud server တွေပေါ်မှာ သိမ်းထားနိုင်မှာဖြစ်ပါတယ်။ iTunes Match ကို လောလောဆယ် အမေရိကားမှာပဲ ရနိုင်သေးပါတယ်။ တကယ်တော့ iTunes Match ကို ၂၀၁၁ နှစ်၊ ဇွန်လတုန်းက Apple ရဲ့ iCloud platform နဲ့အတူ စတင်မိတ်ဆက်ခဲ့တာပါ။ Apple ရဲ့ cloud service က user တွေကိုသူတို့ရဲ့ Apple ပစ္စည်းတွေပေါ်က fileတွေ၊ app တွေနဲ့တခြား content တွေကို ချိန်ညှိလို့ရစေမှာဖြစ်ပါတယ်။ ■

---

# လုပ်ငန်းများအတွက် Google+

Google+ ဟာ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလတုန်းက လုပ်ငန်းတွေအတွက် ဝန်ဆောင်မှုတစ်ခုကို ထပ်တိုးထည့်ခဲ့ပါတယ်။ အဲဒါကတော့ Google+ Page ဖြစ်ပါတယ်။ ဒီဝန်ဆောင်မှုဟာ လွန်ခဲ့တဲ့နှစ်များစွာက စီးပွားရေးလုပ်ငန်းတွေရဲ့ အဓိက promotion strategy ဖြစ်ခဲ့တဲ့ facebook ရဲ့ fan page တွေအတွက် စိန်ခေါ်မှုတစ်ခုပါပဲ။




Facebookနဲ့ မတူတာကတော့ google က ဒီဝန်ဆောင်မှုအတွက် ငွေကြေးကောက်ခံခြင်းမရှိတဲ့အပြင် ကြော်ငြာတွေကိုလည်း ထည့်သွင်းမှာ မဟုတ်တာပဲဖြစ်ပါတယ်။ Google ဟာ ဒီဝန်ဆောင်မှုကို ကိုယ့်ရဲ့ တခြားလုပ်ငန်းတွေဖြစ်တဲ့ search နဲ့ moible advertising လို ဝန်ဆောင်မှုတွေကို အဆင့်မြှင့်တင်ဖို့ ရည်ရွယ်ပြီးလုပ်တာ ဖြစ်ပါတယ်။ Google က ကိုယ်ရေးအချက်အလက်တွေကို ယူမှာမဟုတ်ဘူးလို့လည်း ပြောထားပါသေးတယ်။ Google က လုပ်ငန်း ကြီးတွေသာမကဘဲ ကိုယ်ပိုင် website မရှိသေးတဲ့ လုပ်ငန်းငယ် တွေကိုလည်း Google+Page ကို သူတို့ရဲ့ default မျက်နှာစာအဖြစ် သုံးစေချင်တယ်လို့ လည်း သိရပါတယ်။

Google ကတော့ ၂၀၁၁ ခုနှစ် ဇွန်လတုန်းက စတင်မိတ်ဆက်ခဲ့သူ့ရဲ့ social network မှာ account ပေါင်းသန်း ၄၀ အထိ ဖွင့်ယူအသုံးပြုခဲ့ပြီးဖြစ် တယ်လို့ သိရပါတယ်။ Google+ ဟာ အရမ်းကို လျှင်လျှင်မြန်မြန်နဲ့ ဖွံ့ဖြိုးနေပေမယ့်လည်း user ပေါင်းသန်း ၈၀၀ ကျော်နေပြီဖြစ်တဲ့ facebook ရဲ့ အဓိကပြိုင်ဘက်ဖြစ်ဖို့တော့ လိုနေပါသေးတယ်လို့ ပညာရှင်တွေက ခန့်မှန်းထားကြပါတယ်။ ■

# Microsoft ရဲ့ Xbox user များအတွက် interface အသစ်




Microsoft Corp ဟာ သူ့ရဲ့ Xbox game console user တွေအတွက် interface အသစ်ကို ထုတ်ပြန်လိုက်ပါတယ်။ အဲဒါကတော့ တေးဂီတတွေ၊ ရုပ်ရှင်တွေ၊ TV show တွေနဲ့ game တွေကို လက်လှုပ်ရှားမှုနဲ့၊ ဒါမှမဟုတ် စကားသံနဲ့ navigate လုပ်စေတာပဲဖြစ်ပါတယ်။

Microsoft ရဲ့ CEO Steve Ballmer က အဲဒီ interface ဟာ Windows 8 လိုပဲ set up လုပ်ထားတာဖြစ်တယ်လို့ ၂၀၁၁ စက်တင်ဘာလက ပထမဆုံးအကြိမ် demonstration လုပ်တုန်းက ပြောခဲ့ပါတယ်။

Kinect motion controller ရှိတဲ့ Xbox ပိုင်ရှင်တွေဟာ လက်တွေကို လေထဲမှာ လှုပ်ရှားပြီး screen တွေကို swipe လုပ်နိုင်တယ်လို့ သိရပါတယ်။ အဲဒါက တိုက်ရိုက်စကားသံနဲ့ အမိန့်ပေးနိုင်းစေလို့လည်း ရပါတယ်။ ပြီးတော့ Microsoft ရဲ့ search engine ဖြစ်တဲ့ Bing နဲ့လည်း တွဲဖက်အလုပ်လုပ်နိုင်တယ်လို့ သိရပါတယ်။ Windows Phone user တွေကတော့ သူတို့ရဲ့ portable device တွေပေါ်မှာ tap လုပ်ပြီး ကြည့်ချင် တာ၊ နားထောင်ချင်တာတွေကို ဖွင့်လို့ရပါတယ်။

Xbox user တွေအတွက် အဲဒီ interface အသစ်ကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ပထမပတ်မှာ internet ကနေ download ပေးခဲ့တယ်လို့ သိရပါတယ်။ ■

---

# Wi-Fi ကြောင့် အမျိုးသားများ sperm ပျက်စီးနိုင်ဟုသိရ

Fertility and Sterility journal ရဲ့ ၂၀၁၁ နိုဝင်ဘာလတုန်းက ဖော်ပြခဲ့မှုတစ်ခုအရ Wi-Fi ပါတဲ့ laptop တွေကို အသုံးပြုတဲ့ အမျိုးသားတွေဟာ sperm ပျက်စီးနိုင်တယ်လို့ လေ့လာတွေ့ရှိခဲ့တယ်လို့ သိရပါတယ်။ သုတေသီတွေက လက်တွေ့စမ်းသပ်မှု ပြုလုပ်ခဲ့ရာမှာ data တွေ download လုပ်နေတဲ့ laptop ရဲ့ ဘေးနားမှာ သန့်စွမ်းတဲ့ sperm အနည်းငယ်ကို ချထားခဲ့ပါတယ်။ ၄ နာရီကြာပြီးတဲ့နောက်မှာတော့ အဲဒီ sperm တွေထဲက ၄ ပုံတစ်ပုံဟာ လှုပ်ရှားမှု ရပ်တန့်သွားခဲ့တာကို တွေ့ရပါတယ်။ ဒါက laptop နဲ့ တော်တော်ဝေးတဲ့နေရာမှာချထားတဲ့ sperm တွေရဲ့ 14 ရာခိုင်နှုန်းနဲ့ပဲ ယှဉ်ပြီးပြောတာဖြစ်ပါတယ်။ ပြီးတော့ laptop နားက sperm တွေဟာ DNA၃ ဆပို ထိခိုက်ပါတယ်။

ဒီလိုတွေဖြစ်တာက wireless internet ရဲ့ electromagnetic radiation ကြောင့်ဖြစ်တယ်လို့ သိပ္ပံပညာရှင်တွေက ဆိုပါတယ်။ ဒါပေမဲ့ အထက်မှာ ဖော်ပြခဲ့တဲ့ ရာခိုင်နှုန်းတွေ၊ အချက်အလက်တွေက သုတေသနပိုမိုပြုလုပ်ပြီးမှ အတိအကျ ပြောနိုင်မယ်လို့လည်း သိရပါတယ်။



Fertility and Sterility journal ထဲမှာပဲ နောက်ထပ်လေ့လာ တွေ့ရှိ ချက်တစ်ခုကိုလည်း ဖော်ပြထားပါသေးတယ်။ အဲဒါကတော့ laptop ကို ပေါင်ပေါ်တင်သုံးပြီး ၁၀ မိနစ်ကနေ ၁၅ မိနစ်အတွင်းမှာတဲ့အခါ testicle ဟာ sperm တွေ ပျက်စီးနိုင်လောက်တဲ့အထိ အပူချိန်တိုးလာတယ်လို့ သိရပါတယ်။ Laptop က တစ်နာရီအတွင်းမှာ 2.5 degree celsius အထိ တိုးမြင့်လာနိုင်တယ်လို့သိရပါတယ်။ ဒါကြောင့် laptop ကို စားပွဲပေါ်တင် သုံးတာပဲဖြစ်ဖြစ်၊ ပေါင်ပေါ်မှာ laptop pad ခံသုံးတာပဲဖြစ်ဖြစ် လုပ်ရပါမယ်။ ဒါတောင် မိနစ် ၂၀ အထိပဲ သုံးနိုင်မယ်ဖြစ်ကြောင်း New York University က urologist Dr. Yefim Sheynkin က ပြောတယ်လို့ သိရပါတယ်။ ■